ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၈.၂.၂၀၂၀)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ **ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ (ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးမောင်ညို ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်း အဝေး၌ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့်အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၆.၁၂.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းတဲ့ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၇.၁.၂၀၂၀)ရက်နှင့် (၁၇.၂.၂၀၂၀)ရက်တို့တွင် ရှမ်းပြည်နယ် လွှတ်တော် ရေးရာကော်မတီ အခန်း(၁)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ

တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ(၈)၊ အပိုဒ် (ဂ)နှင့်အညီ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)(၁၆.၁၂.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

အဆိုပါပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အမှတ်စဉ်တစ်ခုချင်းစီအလိုက်တင်ပြပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက အမှတ်စဉ်တစ်ခုချင်းစီအလိုက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ် (၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဆ) အဖြစ် " ပင်လုံဂုဏ်ရည် " ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆိုသည်မှာ ပုဒ်မခွဲ (င)နှင့် (စ) ဖော်ပြပါ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း နှင့်စပ်လျဉ်းသည့် ကဏ္ဍတစ်ခုထက်ပိုမို၍ ထူးချွန်စွာ နှစ်စဉ်စဉ်ဆက်မပြတ် ရှမ်းပြည်နယ်၏ အကျိုးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေသူ၊ နိုင်ငံတော်မှဘွဲ့၊ ဂုဏ်ထူးဆောင်ဆု၊ နိုင်ငံတကာမှ ချီးမြှင့်သော စွမ်းဆောင်မှုဆိုင်ရာဆု၊ အသက်နှင့် ခန္ဓာကိုယ် အစိတ်အပိုင်းကိုပင် စွန့်၍ ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်မှုပြုသူကို အစိုးရအဖွဲ့က ဂုဏ်ထူး ဆောင်လက်မှတ် နှင့် ဆုပစ္စည်းအဖြစ်ချီးမြှင့်သည့် ဆုပစ္စည်းတံဆိပ်ကိုဆိုသည်ဟု

ပြင်ဆင်သင့်ပါတယ်။ ဥပဒေပြု ရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျာ။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးမောင်ညို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂)ဖြစ်ပါတယ်။ အခန်း (၁) ပုဒ်မ ၁၃-က အဖြစ် အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အဖက်ဖက်က စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ပြီး အောက်ပါ အရည်အချင်းတစ်ရပ်ရပ်နှင့်ပြည့်စုံသူ မည်သူကိုမဆို ရှမ်းပြည်နယ်၏ အထူး ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအဖြစ် "ပင်လုံဂုဏ်ရည်ဆု"ကို ချီးမြှင့် နိုင်သည်-

(က) နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဆုတံဆိပ် တစ်မျိုးမျိုး ရရှိသူ၊

( ခ) နိုင်ငံတကာက ချီးမြှင့်သော စွမ်းဆောင်ရည်ဆိုင်ရာ ဆုတစ်မျိုးမျိုးရရှိသူ၊

( ဂ) မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူ၊

(ဃ) ဥပဒေ၏ ပုဒ်မ ၄ မှ ၁၀ အထိ ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုပစ္စည်းတစ်မျိုးမျိုးအတွက် သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံ သူ။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက် အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးမောင်ညို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၇-က(က) အဖြစ် ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးကလည်းကောင်း၊ တပ်မတော်သားများဖြစ်ပါက သက်ဆိုင်ရာ စစ်တိုင်းဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကလည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ပြည်နယ်လူမှုရေးဝန်ကြီးကလည်းကောင်း သတ်မှတ်ပုံစံ(၄)တွင် ဖြည့်စွက်၍ ထောက်ခံတင်ပြရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ ခုနက ပြင်ဖို့အချက်မှာ တပ်မတော်သားဖြစ်ပါက သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်လား သို့မဟုတ် စစ်တိုင်းဌာနချုပ်လား။ တိုင်းစစ်ဌာနချုပ်ဟုတ်ပါတယ်နော်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၃)ပါ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုသည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသည့် ကန့်လန့် ဖြတ်ဇယားပါ အပိုဒ်များကို အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပြီးဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။